# အမေရိကန်နိုင်ငံ အလုပ်သမားဝန်ကြီးဌာန

# 2023 ခုနှစ် အဆိုးရွားဆုံးသော ကလေးအလုပ်သမားအသုံးချမှုဆိုင်ရာ တွေ့ရှိချက်များ

## မြန်မာနိုင်ငံ

2023 ခုနှစ်တွင် မြန်မာနိုင်ငံသည် တိုးတက်မှုမရှိဟုသော အကဲဖြတ်မှုကို ရရှိထားသည်။ မြန်မာနိုင်ငံသည် ကလေးအလုပ်သမား အသုံးချမှုပြဿနာ ဖြေရှင်းရေးအတွက် ပဏာမခြေလှမ်းများ စတင်ခဲ့သော်လည်း ကလေးများအား အဓမ္မလုပ်အားခိုင်းစေရာတွင် ပါဝင်ကျူးလွန်နေခြင်းကြောင့် မြန်မာနိုင်ငံသည် တိုးတက်မှုမရှိကြောင်း သုံးသပ်ထားသည်။ မြန်မာစစ်တပ်သည် ပဋိပက္ခဖြစ်ပွားရာ ဒေသများ၌ ကလေးများအပါအဝင် အရပ်သားများအား တိုက်ခိုက်ရေးမဟုတ်သော အထမ်းသမားများ၊ သန့်ရှင်းရေးအလုပ်သမားများ၊ ထမင်းချက်များ၊ စိုက်ပျိုးရေးလုပ်ငန်းတွင် အလုပ်သမားများအဖြစ် ဆက်လက်၍ အဓမ္မခိုင်းစေခဲ့သည်။ ကလေးအလုပ်သမား ပြဿနာကို သတိမူမိစေရန် ရည်ရွယ်ခြင်း၊ ကလေးအလုပ်သမား ပြဿနာဖြေရှင်းရေးအတွက် စွမ်းဆောင်ရည်များ မြှင့်တင်ခြင်း၊ ကလေးအလုပ်သမား ဆိုင်ရာ တာဝန်များကို အေဂျင်စီများသို့ တာဝန်အပ်နှင်းခြင်း၊ ကလေးအလုပ်သမား ပပျောက်ရေးအတွက် လုပ်ငန်းအစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံတွင် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားရေးကော်မတီကို ပြန်လည်ဖွဲ့စည်းထားသည်။ သို့ရာတွင် ကျောင်းများ၌ ရိုဟင်ဂျာများအပါအဝင် တိုင်းရင်းသား အများအပြား၏ ဘာသာစကားများဖြင့် ပညာသင်ကြားခြင်းကို ပံ့ပိုးမပေးသောကြောင့် မြန်မာနိုင်ငံ၏ မူဝါဒများနှင့် လုပ်ဆောင်ချက်များသည် ကလေးများ ပညာသင်ကြားခွင့်ကို ဆက်လက်ကန့်သတ်နေဆဲဖြစ်သည်။ ထို့အပြင် ကျောင်းအပ်ရာတွင် လိုအပ်ချက်တစ်ခုဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်များကို ရိုဟင်ဂျာကလေးငယ်များအား ငြင်းပယ်ထားပြီး ခရီးသွားလာမှုကိုလည်း အစိုးရက ကန့်သတ်ထားသဖြင့် ရိုဟင်ဂျာကလေးများ ကျောင်းတက်နိုင်ရေးအတွက် အဟန့်အတား ဖြစ်နေသည်။ ကလေးအခွင့်အရေးဆိုင်ရာ ဥပဒေအရ လိုအပ်ချက်တစ်ခုဖြစ်သည့် ကလေးများလုပ်ကိုင်ရန် တားမြစ်ထားသည့် အန္တရာယ်ရှိသော အလုပ်စာရင်းကို မြန်မာက ထုတ်ပြန်ခြင်းလည်း မရှိပါ။ ထို့အပြင် ဤအစီရင်ခံစာ ကာလအတွင်း ကလေးအလုပ်သမား ပြဿနာကို အလုပ်သမားရေး သို့မဟုတ် ရာဇဝတ်မှုဆိုင်ရာ ရဲအာဏာပိုင် အေဂျင်စီများက အရေးယူဆောင်ရွက်ခြင်း ရှိမရှိ မသိရပါ။

အဆိုးရွားဆုံးပုံစံများဖြင့် ခိုင်းစေသည့် ကလေးအလုပ်သမားပြဿနာ ပပျောက်ရေး အတွက် မြန်မာနိုင်ငံ၏ နိုင်ငံတကာသို့ ကတိကဝတ်ပြုထားသည့် အရာများကို အကောင်အထည်ဖော်ဆောင်မှုအပေါ် USDOL ၏ သတ်မှတ်ချက်ကို ပြင်ဆင်နိုင်ရေးအတွက် အောက်တွင် အကြံပြုထားသည့် အစိုးရက လုပ်ဆောင်ရမည့် အရာများ ရှိပါသည်။

| နေရာဒေသ | အကြံပြုထားသည့် လုပ်ဆောင်ချက် |
|---|---|
| ဥပဒေဆိုင်ရာ မူဘောင် | ကလေးအခွင့်အရေးဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းချက်အရ ကလေးများအတွက် တားမြစ်ထားသော အန္တရာယ်ရှိသည့် အလုပ်အမျိုးအစားများကို နိုင်ငံတော်ဥပဒေ သို့မဟုတ် စည်းမျဉ်းများဖြင့် သတ်မှတ်ပါ။ |
| | မူးယစ်ဆေးထုတ်လုပ်ခြင်းနှင့် သယ်ယူခြင်းအပါအဝင် တရားမဝင်သည့် လုပ်ရပ်များတွင် အသက် ၁၈ နှစ်အောက် ကလေးများအား အသုံးချခြင်း၊ ရှာဖွေခြင်း၊ ကမ်းလှမ်းခြင်း တို့အတွက် ရာဇဝတ်ပြစ်ဒဏ်များ ပြဋ္ဌာန်းသတ်မှတ်ပါ။ |
| | အလုပ်လုပ်နိုင်သည့် အသက်သတ်မှတ်ချက်နှင့် တစ်ပြေးညီဖြစ်စေရန် မသင်မနေရ အတန်းပညာသင်ကြားသည့် အသက်ကို ၁၀ နှစ်မှ ၁၄ နှစ်သို့ တိုးမြှင့် သတ်မှတ်ပါ။ |
| အကောင်အထည်ဖော်ခြင်း | လုပ်ငန်းခွင်စစ်ဆေးရေးအဖွဲ့အား လုံလောက်သော ငွေကြေးနှင့် ပစ္စည်းထောက်ပံ့ပေးပြီး အလုပ်သမားဦးရေ ၂၂.၆ သန်းခန့်အတွက် အနည်းဆုံး လုပ်ငန်းခွင် စစ်ဆေးရေးအရာရှိ ၅၆၅ ဦးကို ခန့်အပ်ပါ။ |
| | စိုက်ပျိုးရေး၊ သတ္တုတူးဖော်ရေး၊ ဆောက်လုပ်ရေး၊ ငါးဖမ်းလုပ်ငန်းများ အပါအဝင် လုပ်ငန်းခွင်စစ်ဆေးမှုများကို မြို့ပြ၏ ပြင်ပနေရာများတွင် ပြုလုပ်ပြီး ကလေးအလုပ်သမား အသုံးချလေ့ရှိသည့် ကဏ္ဍများအားလုံးသို့ စစ်ဆေးမှုများ ဖြန့်ကျက်လုပ်ဆောင်ရမည်။ |
| | ကယ်တင်နိုင်သည့် ကလေးများအား လူမှုရေးဝန်ဆောင်မှုများအတွက် လူမှုဖူလုံရေးဌာနသို့ လွှဲပြောင်းသည့် လုပ်ငန်းစဉ် အပါအဝင် လုပ်ငန်းခွင်စစ်ဆေးရေးအရာရှိများနှင့် ကလေးအလုပ်သမားဆိုင်ရာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးသူများအား လုံလောက်သည့် သင်တန်းများပေးရမည်။ |
| | စက်ရုံပိုင်ရှင်များအား မစစ်ဆေးမီ ကြိုတင်အသိပေးသည့် လုပ်ရပ်များကို ရပ်တန့်ပြီး ရှောင်တခင်ဝင်ရောက်စစ်ဆေးမှုများ ပြုလုပ်ခြင်း၊ |

| နေရာဒေသ | အကြံပြုထားသည့် လုပ်ဆောင်ချက် |
| --- | --- |
| | လုပ်ငန်းခွင်စစ်ဆေးနေစဉ်အတွင်း အလုပ်သမားများအား မေးမြန်းခြင်းများ ပြုလုပ်ရမည်။ |
| | အလုပ်သမားဥပဒေနှင့် ရာဇဝတ်မှုဆိုင်ရာ ရဲအာဏာပိုင်တို့နှင့် ပတ်သက်သည့် အချက်အလက်များကို တရားဝင်ထုတ်ပြန်ပါ။ |
| | အလုပ်သမားဥပဒေချိုးဖောက်ခြင်းများအတွက် ပြစ်ဒဏ်များသည် ယင်းသို့ချိုးဖောက်ခြင်းကို တားဆီးနိုင်ရန် သင့်တော်သည့် ပြင်းထန်မှုရှိရမည်။ လက်နက်ကိုင်ပဋိပက္ခများအတွင်း ကလေးများအား စုဆောင်းအသုံးချရာတွင် ပါဝင်ပတ်သက်သည့် စစ်အစိုးရအရာရှိများအား ၎င်းတို့၏ ကျူးလွန်မှုအတွက် တာဝန်ခံမှု ရှိစေရမည်။ စစ်တပ်အတွက် ကလေးများအား စုဆောင်းအသုံးချမှုနှင့် စပ်လျဉ်းသည့် ပြစ်ဒဏ်များသည် ယင်းကြီးမားသည့် ရာဇဝတ်မှုများနှင့် မျှတသည့် ပြစ်ဒဏ်များ ဖြစ်ရမည်။ |
| | အဆိုးရွားဆုံးပုံစံဖြင့် ချိုးဖောက်ခံရသည့် ကလေးအလုပ်သမားများအား ဖမ်းဆီးချုပ်နှောင်သည့် လုပ်ရပ်များကို ရပ်တန့်ပြီး ၎င်းတို့အား သင့်လျော်သည့် လူမှုအဖွဲ့အစည်းများသို့ လွှဲပြောင်းပေးရမည်။ |
| | အဓမ္မလုပ်အားပေးခိုင်းစေမှု တိုင်ကြားနိုင်သည့် နိုင်ငံတော်ယန္တရားသည် သက်ဝင်နေပြီး ကလေးစစ်သားစုဆောင်းမှုဆိုင်ရာ တိုင်ကြားမှုများကို လက်ခံနိုင်ကြောင်း သေချာစေရမည်။ ရှေ့တန်းတိုက်ပွဲများတွင် တပ်မတော်က ကလေးများအား စုဆောင်းအသုံးချခြင်းများကို တားဆီးနိုင်ရန်အတွက် စစ်သားစုဆောင်းမှု လုပ်ငန်းစဉ်ကို ပြင်ဆင်ရမည်။ |
| | ကျေးရွာဒေသများအပါအဝင် ကလေးအလုပ်သမားဆိုင်ရာ ရာဇဝတ်ကျူးလွန်မှုကို စုံစမ်းစစ်ဆေးရန် ရဲအရာရှိလုံလောက်စွာ ခန့်အပ်ပြီး ၂၀၂၂ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေး ဥပဒေအရ လူကုန်ကူးခံရသူအား ဖော်ထုတ်ရမည်။ |
| ပူးပေါင်းဆောင်ရွက်ခြင်း | အဆိုးရွားဆုံးသော ပုံစံဖြင့် ကလေးလုပ်အားအသုံးချမှုနှင့် ပတ်သက်ပြီး အစိုးရဝန်ကြီး ဌာနများအားလုံးအကြား ဆက်သွယ်ခြင်း အပါအဝင် ပုံမှန် နှင့် မကြာခဏ ညှိနှိုင်းဆောင်ရွက်ရမည်။ |

| နေရာဒေသ | အကြံပြုထားသည့် လုပ်ဆောင်ချက် |
|---|---|
| | ကလေးစစ်သားစုဆောင်းခြင်း ကာကွယ်တားဆီးရေးကော်မတီတွင် ဆိုင်းငံ့ထားသော ကလေးစစ်သားဆိုင်ရာ အမှုကြွေးများကို ဖြေရှင်းရန် နည်းလမ်းရှာပါ။ |
| အစိုးရ မူဝါဒများ | ကလေးများကို အဓမ္မခိုင်းစေခြင်း၊ ကလေးများအား စီးပွားဖြစ် လိင်လုပ်ငန်းတွင် အသုံးချခြင်းတို့ အပါအဝင် အဆိုးရွားဆုံးသော ပုံစံဖြင့် ကလေးလုပ်သား အသုံးချမှု အားလုံးကို ကိုင်တွယ်ဖြေရှင်းနိုင်ရေး အစီအစဉ်များ ရေးဆွဲချမှတ် အကောင်အထည် ဖော်ပါ။ |
| | မြန်မာနိုင်ငံ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်၊ လူကုန်ကူးမှု တိုက်ဖျက်ရေး အမျိုးသား ငါးနှစ် စီမံကိန်း၊ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ နိုင်ငံတော် လုပ်ငန်းအစီအစဉ်တို့အား အကောင်အထည်ဖော်ပြီး ယင်းလုပ်ဆောင်ချက်များ၏ ရလဒ်များကို နှစ်စဉ်ထုတ်ပြန်ကြေညာပါ။ |
| လူမှုရေး အစီအစဉ်များ | ကလေးများအပါအဝင် ရိုဟင်ဂျာ ဒုက္ခသည်များ ရခိုင်ပြည်နယ်သို့ လုံခြုံစွာနေရပ်ပြန်နိုင်ရေးအစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်ပြီး ရိုဟင်ဂျာကလေးများ ပညာသင်ကြားမှုတွင် အဟန့်အတားများဖြစ်နေသည့် နိုင်ငံသားဖြစ်ခွင့် လိုအပ်ချက်ကို ဖယ်ရှားရမည်။ |
| | စစ်အစိုးရတပ်ဖွဲ့ဝင်များ၊ အစိုးရမဟုတ်သော လက်နက်ကိုင်တပ်များက ကျောင်းများတွင် စခန်းချနေရာယူထားခြင်းမှ ဆုတ်ခွာပေးခြင်းဖြင့် ပညာသင်ခွင့် အဟန့်အတားဖြစ်နေခြင်းကို ဖယ်ရှားခြင်း၊ ကျေးလက်ဒေသတွင် ကျောင်းများ ဆောက်လုပ်ခြင်း၊ သွယ်ဝှက်ကျောင်းစရိတ်များကို ဖယ်ရှားခြင်း၊ ဘာသာစကား အခက်အခဲရှိသည့် ကလေးများအား ပံ့ပိုးပေးခြင်းတို့ကို လုပ်ဆောင်ပါ။ |
| | ကလေးများကို အဓမ္မခိုင်းစေခြင်း၊ ကလေးများအား စီးပွားဖြစ် လိင်လုပ်ငန်းတွင် အသုံးချခြင်းတို့ အပါအဝင် အဆိုးရွားဆုံးသော ပုံစံဖြင့် ကလေးလုပ်သား အသုံးချမှု အားလုံးကို ကိုင်တွယ်ဖြေရှင်းနိုင်ရေး အစီအစဉ်များ ရေးဆွဲချမှတ် အကောင်အထည် ဖော်ပါ။ |
| | လူမှုဖူလုံရေး ဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးသည် အဆိုးရွားဆုံးသောပုံစံဖြင့် ကလေး လုပ်သား အသုံးချခံခဲ့ရသူများအတွက် ဝန်ဆောင်မှု ပေးနိုင်ရန် လုံလောက်သည့် အရင်းအမြစ်ရှိစေရမည် ဖြစ်ပြီး ၎င်းတွင် |

| နေရာဒေသ | အကြံပြုထားသည့် လုပ်ဆောင်ချက် |
| --- | --- |
| | ပြန်လည်ဝင်ဆန့်စေရေး အကူအညီ အထောက်အပံ့များကို ပြန်လည်ထူထောင်ပေးရေးဌာနက ပေးအပ်ခြင်းနှင့် လူမှုဖူလုံရေးဌာနတွင် အမှုဆိုင်ရာ မန်နေဂျာများ၏ အရအတွက်ကို တိုးမြှင့်ခြင်းတို့ ပါဝင်သည်။ |